UNHCR The UN Refugee Agency | မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်း

မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ရုံး

အကြောင်းအရာအနှစ်ချုပ် ၊ ဇူလိုင်လ ၂၀၂၃

အကျဉ်းချုပ်

UNHCR၏လုပ်ငန်းများကို မြန်မာနိုင်ငံအရှေ့မြောက်ဒေသရှိ ကချင်နှင့်ရှမ်း(မြောက်ပိုင်း) ပြည်နယ်များတွင် ၂၀၁၁မှစတင်ဆောင်ရွက်ခဲ့ပြီး အဓိကအားဖြင့်နေရပ်စွန့်ခွာပြည်သူများအားပံ့ပိုးကူညီရန်၊ ၎င်းတို့၏အခွင့်အရေးများကိုစောင့်ရှောက်ရန်နှင့် ရေရှည်တည်တံ့သောဖြေရှင်းနည်းများအတွက် ဆော်သြစည်းရုံးရန်ဖြစ်သည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့်ဗန်းမော်မြို့နယ် နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်တို့တွင်ပဋိပက္ခဒါဏ်ခံနှင့်နေရပ်စွန့်ခွာနေထိုင်ရသည့်လူမှုအသိုက်အဝန်းများနှင့်ထိတွေ့ဆက်ဆံခြင်းအားဖြင့် ၄င်းတို့၏ စိုးရိမ်ပူပန်မှုများကိုသိရှိနားလည်နိုင်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးအပ်ခြင်း၊ ရွှေ့ပြောင်းနေထိုင်မှုအခြေအနေများကို ခြေရာခံခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာစည်းရုံးလှုံ့ဆော်မှုများကို လွယ်ကူချောမွေ့စေခြင်းနှင့် ဖြေရှင်းဆောင်ရွက်ချက်များရရှိရန် ကြိုးပမ်းနေသည့်ရပ်ရွာလူထုအား ကူညီပံ့ပိုးပေးခြင်းစသည်တို့ကို လုပ်ဆောင်နိုင်စေပါသည်။ အဆိုပါ ဆောင်ရွက်မှုများကိုနယ်ပယ်အားလုံးသို့ ပံ့ပိုးကူညီမှုရရှိစေရန် ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသခံအဖွဲ့အစည်းများနှင့်အတူ ဆောင်ရွက်လေ့ရှိပါသည်။

၂၀၁၁ ခုနှစ်တွင် တပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တို့အကြား အပစ်အခတ်ရပ်စဲရေးပျက်ပြားပြီးနောက်ပိုင်းဆယ်စုနှစ်တစ်စုကြာပဋိပက္ခများသည် ကချင်ပြည်နယ်အတွင်းရှိပြည်သူများအတွက်တိုက်ခိုက်မှုများ၊မြေမြှုပ်မိုင်းနှင့်ကာလရှည်ကြာနေရပ်စွန့်ခွာရမှုများ အပါအဝင် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာအန္တရာယ်များ မြင့်မားလာစေခဲ့သည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင်လက်နက်ကိုင်အင်အားစုများစွာပါဝင်ပြီး ရှုပ်ထွေးသည့်ပဋိပက္ခအခြေအနေများကြောင့် နေရပ်စွန့်ခွာရမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

၂၀၂၁ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်မှအာဏာရယူပြီးနောက်ပိုင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများပိုမိုဆိုးရွားလာခဲ့သည်။ ကာလရှည်ကြာနေရပ်စွန့်ခွာနေထိုင်ရသူများအတွက် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာဘေးအန္တရာယ်များနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာအခက်အခဲများ တိုးမြင့်လာမှုနှင့်အတူ စခန်းပိတ်သိမ်းမှုသည်လည်း စိုးရိမ်စရာဖြစ်လာခဲ့သည်။ မလုံခြုံမှု တိုးမြင့်လာခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခများသည်လည်း နေရာစွန့်ခွာရွှေ့ပြောင်းမှုအသစ်များကို ဖြစ်ပေါ်စေသည်။

တစ်ချိန်တည်းမှာပင် နေရပ်စွန့်ခွာသူများနှင့် ဒေသခံလူမှုအသိုင်းအဝိုင်းများသည် နှစ်ပေါင်းများစွာ ပဋိပက္ခအခြေအနေများနှင့် နေရပ်စွန့်ခွာနေထိုင်ရပြီးနောက် ပိုမိုဂုဏ်သိက္ခာရှိသောနေထိုင်မှုအခြေအနေများရရှိရန် လမ်းကြောင်းများကို ဆက်လက်ရှာဖွေလျက်ရှိသည်။ UNHCR သည် ရေရှည်ဖြေရှင်းချက်များကိုရရှိရန်အားထုတ်ကြိုးပမ်းနေသည့်လူမှုအသိုက်အဝန်းအားလုံးတို့အား ဆက်လက်ပံ့ပိုးပေးလျက်ရှိပါသည်။



UNHCR ရုံးများ

မြစ်ကြီးနား ရုံး ၁ရုံး

ဗန်းမော်နှင့် လားရှိုးတို့တွင် ရုံးခွဲ ၂ ရုံး

ကချင်ပြည်နယ်တွင် နေရပ်စွန့်ခွာနေရသူပေါင်း	ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရပ်စွန့်ခွာနေရသူပေါင်း
၁၁၆,၄၀၀	၁၅,၂၀၀
ကာလရှည်ကြာစွန့်ခွာသူ ၈၉,၆၀၀	ကာလရှည်ကြာစွန့်ခွာသူ ၈,၈၀၀
ကချင်ပြည်နယ်တွင် နေရပ်ပြန်လည်ရောက်ရှိလာသူ	**ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရပ်ပြန်လည်ရောက်ရှိလာသူ**
၂၀,၈၀၀	၃,၃၀၀

မှတ်ချက်။ ကာလရှည်ကြာနေရပ်စွန့်ခွာသူများမှာ ၁၈ဖေဖော်ဝါရီလ ၂၀၂၁မတိုင်မီ ပြောင်းရွှေ့သူများကိုဆိုလိုသည်။ ကိန်းဂဏန်းအားလုံးသည် ၂၆ ဇွန်လ ၂၀၂၃ ရက်နေ့အထိဖြစ်သည်။

UNHCR မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ရုံး

အမှတ်(၁၁)၊ (၁၁) လွှာ၊ ကန်သာယာ ရုံးတာဝါ၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ ၉၃၀၆၁၉၅ မှ ၉၈ ၊ ဖက်စ် - ၀၁ ၉၃၀၆၁၉၄၊ အီးမေးလ် - myaya@unhcr.org

@UNHCRMyanmar

ကာကွယ်စောင့်ရှောက်မှု

UNHCR နှင့် မိတ်ဖက်အဖွဲ့များသည် ကွာဟချက်များနှင့် လိုအပ်ချက်များကိုခွဲခြားသတ်မှတ်ရန်အတွက် ကွင်းဆင်းခြင်းနှင့်အဝေးတစ်နေရာတို့မှတဆင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာစောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်ခြင်းတို့ကို ပုံမှန်ပြုလုပ်ပါသည်။ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကလေးများနှင့် အမျိုးသမီးဦးစီးသော အိမ်ထောင်စုများအပါအဝင် သီးခြားလိုအပ်ချက်ရှိသူများကို ၎င်းတို့၏အလိုအပ်ဆုံး လိုအပ်ချက်များအားဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ အရေးပေါ်ငွေသားအကူအညီဖြင့် ပံ့ပိုးကူညီပေးထားပါသည်။

ရပ်ရွာလူထုကြံ့ကြံ့ခံနိုင်ရည်ရှိမှုမြှင့်တင်ခြင်းသည် အရှေ့မြောက်ဒေသတွင်UNHCRမှ ဆောင်ရွက်သည့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ လူငယ်စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် ရပ်ရွာလူထုကြံ့ကြံ့ခံနိုင်ရည်ရှိမှုတည်ဆောက်ပေးခြင်းလုပ်ငန်းများကဲ့သို့သော အောက်ခြေမှအထက်သို့အစပြုဆောင်ရွက်မှုများမှတစ်ဆင့်၊ လူနေမှုဘဝတိုးတက်စေရေး၊ ထိခိုက်ခံစားရလွယ်မှုလျော့ပါးစေရေးနှင့် လူမှုကျွမ်းဝင်ရင်နှီးပေါင်းစပ်မှုကိုမြှင့်တင်ပေးသည့်လုပ်ငန်းများကို အဆိုပြုခြင်းနှင့် စဦး ဆောင်ရွက်လှုပ်ရှားမှုများတွင် ဦးဆောင်လုပ်ဆောင်နိုင်စွမ်းရှိစေရန် မြှင့်တင်ပေးသည်။

UNHCRသည် နေရပ်စွန့်ခွာနေရသူများ၏ရင်ဆိုင်နေရသောအန္တရာယ်များကိုလျှော့ချရန် ရည်ရွယ်သည့် လုပ်ဆောင်မှုများအတွက် ဆော်ဩစည်းရုံးခြင်းကို မိတ်ဖက်အဖွဲ့များနှင့် အတူလုပ်ဆောင်ပါသည်။ အဆိုပါလုပ်ဆောင်ချက်များတွင်ဘေးကင်းရေးနှင့်လုံခြုံရေး၊ သက်သေခံအထောက်အထားစာရွက်စာတမ်းများ၊ အိမ်ရာများ၊မြေယာနှင့်ပိုင်ဆိုင်မှု အခွင့်အရေးများနှင့်အခြေခံဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လက်လှမ်းမီမှုတို့ ပါဝင်သည်။

ကယ်ဆယ်ရေးပစ္စည်းဖြန့်ဝေမှုများ၊ အမိုးအကာနှင့် စခန်းအခြေပြုပံ့ပိုးကူညီမှုများ

နေရပ်စွန့်ခွာရွှေ့ပြောင်းခံရသည့်အခါတွင် ပဋိပက္ခဘေးသင့်လူမှုအသိုက်အဝန်းများ၏ အခြေခံလိုအပ်ချက်များပြည့်စုံစေရန်အတွက် UNHCR နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ခြင်ထောင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ရေပုံးပျော့များ၊ အဝတ်အထည်များ၊ ဆပ်ပြာတုံး များ၊ဖျာများ၊စောင်များနှင့် ဆိုလာမီးအိမ်များကဲ့သို့သော အဓိကကယ်ဆယ်ရေးပစ္စည်းများ ကို ဖြန့်ဝေပေးပါသည်။
ထို့အပြင်၊UNHCRသည်ပဋိပက္ခဖြစ်ပွားနေချိန်သို့မဟုတ် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်အတွင်း လိုအပ်ချက်များတိုးပွားလာနိုင်မှုကို မျှော်မှန်းကာ အချက်အချာကျသည့်နေရာများရှိသိုလှောင်ရုံများတွင်အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများကို ကြိုတင်ဖြည့်ဆည်းထားပေးပါသည်။

အိမ်အမိုးသွပ်ပြားများနှင့်တာပေါ်လင်စသည့် အရေးပေါ်အမိုးအကာများကိုလည်း ထောက်ပံ့ပေးပါသည်။ မိသားစုများအချိန်ကာလကြာရှည်စွာ နေရပ်စွန့်ခွာရသည့် အခြေအနေမျိုးတွင်၊ အိမ်ခန်းတွဲများနှင့် သီးခြားအိမ်များကို ဆိုလာလမ်းမီးများကဲ့သို့ အများပြည်သူအသုံးပြုသည့် အခြေခံအဆောက်အအုံများနှင့်အတူ ဆောက်လုပ်ပေးသည်။ အလားတူ UNHCRသည် ပျက်စီးယိုယွင်းသွားသော နေအိမ်အမိုးအကာများကို ပြုပြင်ပေးခြင်းဖြင့် နေရပ်စွန့်ခွာလူမှုအသိုက်အဝန်းများအား ဘေးကင်းပြီးဂုဏ်သိက္ခာရှိသော အခြေအနေတွင် ဆက်လက်နေထိုင်နိုင်စေရေး ဆောင်ရွက်ပေးပါသည်။

အသွင်ကူးပြောင်းရေးဆိုင်ရာဖြေရှင်းဆောင်ရွက်မှုများ

တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး မလုံခြုံမှုများကြောင့် နေရပ်ရင်းဒေသများသို့ ပြန်လာရန် အလားအလာများယုတ်လျော့သွားသော်လည်း နေရပ်စွန့်ခွာမိသားစုများ အနေဖြင့် နေရပ်စွန့်ခွာရသည့်အခြေအနေမှ ပြောင်းလဲနိုင်သည့်နည်းလမ်းများကို ဆက်လက်ရှာဖွေလျက်ရှိသည်။ ၂၀၂၁ ဇန်နဝါရီလမှ ၂၀၂၂ ဒီဇင်ဘာလကာလအတွင်း နေရပ်စွန့်ခွာသူပေါင်း ၇,၀၀၀ကျော်သည် ၎င်းတို့၏ဘဝပြန်လည်စတင်နိုင်ရန်အတွက် နေရပ်စွန့်ခွာစခန်းများမှ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။

တာရှည်ခံဖြေရှင်းချက်များအားချက်ချင်းလက်ငင်းမရရှိနိုင်ကြောင်း သိနားလည်ခြင်းဖြင့် UNHCRနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် အခြေအနေများတိုးတက်ကောင်းမွန်လာစေရန်နှင့် ရေရှည်ဖြေရှင်းချက်များအတွက် အုတ်မြစ်ချရန်အတွက် အသွင်ကူးပြောင်းရေးဆိုင်ရာနည်းလမ်းများကိုရှာဖွေရာတွင် လူမှုအသိုင်းအဝိုင်းများကို ပံ့ပိုးကူညီပေးပါသည်။ နေရပ်စွန့်ခွာပြည်သူများအနေဖြင့် နေရပ်ပြန်ခြင်း၊ ဒေသတွင်းပေါင်းစည်းနေထိုင်ခြင်းနှင့် အခြားနေရာများသို့ပြောင်းရွှေ့နေထိုင်ခြင်းတို့အတွက် ၎င်းတို့၏ဆန္ဒအလျောက်အစစျိုးမှုများကို ပံ့ဖော်နိုင်စေရန်အတွက် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများကိုပံ့ပိုးပေးပါသည်။

အဆိုပါနေရပ်စွန့်ခွာနေရသူများဦးဆောင်သော အစီအစဉ်များရေးဆွဲပြီးသည်နှင့် UNHCR သည် ကချင်ပြည်နယ်ရှိတာရှည်ခံသည့်ဖြေရှင်းနည်းများ ဆောင်ရွက်သည့် လုပ်ငန်းအစုအဖွဲ့မှတဆင့် အရင်းအမြစ်ဖော်ထုတ်စုဆောင်းရာတွင်ကူညီပေးပြီး၊ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ၊ အခြေခံလူမှုရေးဝန်ဆောင်မှုများ၊ အမိုးအကာများ၊ ရပ်ရွာစီမံခန့်ခွဲသည့် ပညာရေးလှုပ်ရှားမှုများနှင့် အခြေခံလူမှုအဆောက်အအုံများရရှိရေးတို့အတွက် အသေးစားထောက်ပံ့ငွေများပံ့ပိုးကူညီပေးပါသည်။

ညှိနှိုင်းဆောင်ရွက်ခြင်းနှင့်စွမ်းဆောင်ရည်တည်ဆောက်ခြင်း

လူတိုင်း မိမိတို့လိုအပ်သည့်အကူအညီကိုသေချာစွာလက်ခံရရှိစေရန်နှင့် ရေရှည်တွင် ဘေးကင်းလုံခြုံဂုဏ်သိက္ခာရှိစွာဖြင့် ငြိမ်းချမ်းသာယာသောဘဝများကိုပြန်လည် ထူထောင်နိုင်စေရန် UNHCR မှ ကုလသမဂ္ဂအေဂျင်စီများ၊ အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ ညှိနှိုင်းကူညီ ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်များတွင် UNHCR သည် ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့နှင့် နေအိမ်အမိုးအကာ၊ အစားအစာမဟုတ်သော ပစ္စည်းများ(NFI) နှင့် စခန်းညှိနှိုင်းရေးနှင့် စခန်းစီမံခန့်ခွဲမှု (CCCM) အစုအဖွဲ့တို့ကို ဦးဆောင်ပါသည်။ UNHCR သည် လမ်းညွှန်မှုပံ့ပိုးခြင်း၊ ပူးတွဲမစ်ရှင်များ စီစဉ်ခြင်းနှင့် လိုအပ်ချက်များဖော်ထုတ်ရန်အတွက်သတင်းအချက်အလက်နှင့်ဆန်းစစ်လေ့လာမှုများမျှဝေပေးခြင်းနှင့် ရပ်ရွာလူထု ဦးဆောင်သည့်တုံ့ပြန်ဆောင်ရွက်မှုများကို ပံ့ပိုးကူညီခြင်းတို့ကိုလုပ်ဆောင်သည့် ကချင်ပြည်နယ်ရှိတာရှည်ခံသည့်ဖြေရှင်းနည်းများ ဆောင်ရွက်သည့်လုပ်ငန်းအစုအဖွဲ့ကိုလည်း ဦးဆောင်ပါသည်။

ဒေသခံအဖွဲ့အစည်းများသည် ကြံ့ကြံ့ခံနိုင်စွမ်းရည်တည်ဆောက်ခြင်း၊ လူမှုကျွမ်းဝင်ရင်နှီးပေါင်းစပ်မှုမြှင့်တင်ခြင်းနှင့် ရပ်ရွာလူထုပူးပေါင်းပါဝင်မှုကိုအားပေးခြင်းစသည့် လူမှုအခြေပြုလုပ်ဆောင်မှုများအကောင်အထည်ဖော်ရာတွင် အဓိကကျပါသည်။ ထို့ကြောင့် UNHCR သည် အလေ့အထကောင်းများနှင့် နိုင်ငံတကာစံနှုန်းများဆိုင်ရာ သင်တန်းများကို မကြာခဏပြုလုပ်ပေးပြီး မိတ်ဖက်များနှင့် လူမှုအဖွဲ့အစည်းများ အနေဖြင့် လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာပံ့ပိုးကူညီပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအတွက်အလှူရှင်များ

Australian Aid
Belgium partner in development
Canada
European Union
german humanitarian assistance
Irish Aid Rialtas na hÉireann Government of Ireland
From the People of Japan
Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra
Swiss Agency for Development and Cooperation SDC
UKaid from the British people
United Nations CERF

UNHCR ၏လုပ်ငန်းသည်လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာကိုသာလုံးလုံးလျားလျားလုပ်ဆောင်နေခြင်းဖြစ်ပြီး နိုင်ငံရေးနှင့်သက်ဆိုင်ခြင်းမရှိသည့်အပြင် လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်းနှင့်လွတ်လပ်ခြင်းစသည့်အခြေခံမူများနှင့်အညီလုပ်ဆောင်ခြင်းဖြစ်သည်။